# သံလမ်းမဲ့ ဘူတာရုံ




ပဲခူးရိုးမ အောက်ခြေရှိ ပေါက်ခေါင်းမြို့တွင် ဘူတာရုံလေးတစ် ရုံရှိသည်။ မြို့ထဲမှနစ် ဖာလုံခန့် လမ်းလျှောက်လျှင် ဘူတာရုံသို့ ရောက်သည်။ ဘူတာရုံဟု ဆို သော်လည်း ခရီးသွား မရှိ၊ သံလမ်းမရှိ၊ ခြောက်ကပ်အ ထီးကျန်စွာ တည်ရှိ နေခြင်းဖြစ် သည်။ ဘူတာရုံလေးသည် ၎င်းထံ ဆိုက်ကပ်လာမည့် ရထားကိုမျှော် လင့်ကြိုဆိုနေသည့်နှယ် အဖေးက တွေ့မြင်ရသည်မှာ လွမ်းစရာပင် ကောင်းလှ သည်။

သို့သော် ဘူတာရုံတစ်ခုနှင့် ရထားတစ်စီးအတွက်မရှိမဖြစ်လို အပ်သော အရာဖြစ်သည့် သံလမ်း များယင်းဘူတာရုံလေးတွင် ရှိမနေပါ။ သံလမ်းမဲ့

ဘူတာရုံလေး တွင် ယခင်ကတော့ဘူတာရုံတစ် ရုံ၏ အင်္ဂါရပ်နှင့်အညီ သံလမ်း ရှိခဲ့ပါသည်။ နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအစိုးရ လက်ထက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး သံလမ်း အရှည် ၂၄ မိုင်ရှိသည့် ပြည် - ပေါက်ခေါင်း ရထားခရီးစဉ်ကို ၂၀၀၉ စက်တင်ဘာက စတင် ပြေးဆွဲခဲ့သည်။

ပြည် - ပေါက်ခေါင်းရထား ခရီးစဉ်များကို ပြည် (၁)၊ ပြည် (၂) စာပို့ရထားဖြင့် ပေါက်ခေါင်း မြို့မှ နံနက် ၇ နာရီတွင်စတင် ထွက်ခွာလာပြီး ပြည်မြို့မှ မွန်း လွဲ ၂ နာရီခွဲတွင် ပေါက်ခေါင်းသို့ ပြန်လည်ထွက်ခွာခြင်းဖြင့် အစုန် အဆန် ပြေးဆွဲခဲ့သည်။ ရထား လက်မှတ်ခမှာ ခရီးစဉ်အစ၊ အဆုံးနှစ်ရာ့ငါးဆယ် ကျပ်သာရှိသည်။

သို့သော်လည်း ရထားပြေး ဆွဲပြီးမကြာမီမှာပင် သံလမ်းကြံ့ ခိုင်မှု အားနည်းခြင်း၊ ရာသီဥတု သဘာဝဘေး အန္တရာယ်များ ကြောင့် ရထားခရီး စဉ်များဖျက် သိမ်းရခြင်းနှင့် ခရီးသည်လိုက်ပါ စီးနင်းမှုနည်းပါးခြင်းကြောင့် မြန် မာ့မီးရထားတာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအစိုးရထံ တင်ပြခဲ့သည်။ ထို့ကြောင့် ၂၀၀၉ စက် တင်ဘာက ဖွင့်လှစ်ခဲ့သောယင်း ရထားပြေးဆွဲမှုမှာ ၂၀၁၃ အောက်တိုဘာ ၁၅ ရက်တွင် ရပ်နားခဲ့သည်။ ထို့ကြောင့်ခရီး စဉ်ကို လေးနှစ်ကြာအထိသာ ပြေးဆွဲနိုင်ခဲ့ခြင်းဖြစ်သည်။

"ပေါက်ခေါင်းနဲ့ ပြည်ဆိုတာ ဆိုင်ကယ်နဲ့ သွားသွား၊ လိုင်း ကားနဲ့သွားသွား ၄၅ မိနစ်၊ ၁ နာရီ လောက်အကြာဆို ခရီးရောက် တယ်။ ရထားနဲ့ သွားတာ လောက် တောင်မကြာဘူး။ ရထားခက နည်းတယ်ဆို ပေမယ့်လည်း ခရီး ရောက်မှု၊ အဆင်ပြေမှုတွေနဲ့ချိန် ရင်ကွာတယ်၊ မိုးတွင်းကာလဆို ရင်သံလမ်း သဲဖုံးတာတို့၊ သံလမ်း နိမ့်ကျတာတွေဖြစ်လို့ ရထားခရီး စဉ်တွေနားရတာလည်း ခဏ ခ ဏပဲ။ တကယ်တော့ဒီရထားလမ်း က အစကတည်းက မဖောက်သင့် တာပါ" ဟု ပေါက်ခေါင်းဒေသခံ ကိုမင်းကပြောသည်။

ရထားပြေးဆွဲခြင်းမရှိတော့ သဖြင့် ရထားသံလမ်းများနှင့် ဇ လီဖားတုံးများကို ပြန်လည်ဖျက် သိမ်းကာ သိမ်းဆည်းထားပြီဖြစ် ကြောင်း ပြည် - ပေါက်ခေါင်း ရထားသံလမ်း အငယ်တန်းအင် ဂျင်နီယာတစ်ဦးက ပြောသည်။

မြန်မာ့မီးရထားရုံးချုပ်၏ ညွှန်ကြားချက်အရ ၂၀၁၇ ဇွန်လ က စတင်ဖျက်သိမ်းခဲ့ပြီး ၂၀၁၈ ဇန်နဝါရီတွင် သံလမ်းအားလုံးကို ပြန်လည် သိမ်းဆည်းပြီး ဖြစ်သည်။ ထို့နောက်သိမ်းဆည်း ထားသည့် ကွန်ကရစ် ဇလီဖားတုံးများကို အောင်လံ - ပြည်ရထား လမ်းရှိ လိုအပ်သည့်နေရာများသို့ ပြောင်းရွှေ့ အသုံးပြုခဲ့ပြီး သံလမ်း များကို ရွှေတံခါးဘူတာတွင် သယ်ယူစုပုံထားသည်။ ပေါက်ခေါင်း - ပြည်ရထားလမ်းရှိသံ လမ်းမဲ့ဘူတာ အဆောက်အအုံ ကိုမူ မည်သို့ မည်ပုံ ဆောင်ရွက်ရမည်ကို ညွှန်ကြားချက်မရှိ သေးကြောင်း ၎င်းကရှင်းပြသည်။

"ဘူတာရုံထဲမှာတော့လက် ရှိ အစောင့်ဂန်ထမ်းတစ်ဦး ရှိတယ်။ လက်သုပ်ဆိုင်လေးဖွင့် ထားတာတွေ့တယ်။ သံလမ်း ဖောက်တုန်းက ရိုးမပတ်လမ်းအနေနဲ့ နေပြည်တော်အထိဖောက် မယ်လို့သိရတာ။ ဒါကြောင့် ပေါက်ခေါင်းဘူတာအထွက်မှာ သံလမ်းတွေချထားပြီးသားတွေ့ ရတယ်။ ဒါပေမဲ့ ရထားပြေးဆွဲ တဲ့အခါကျမှသာပေါက်ခေါင်း တင်ရပ်ပြီး ဆက်မပြေးဆွဲတာ။ အခုတော့ အဲဒီသံလမ်းတွေအ ကုန်လုံး ပြန်ဖျက်သိမ်းသွားပြီ" ဟု ပေါက်ခေါင်းဒေသခံ ဦးမော်စီ ကပြောသည်။

ပေါက်ခေါင်း - ပြည်ရထား လမ်းမှာ ၂၄ မိုင်ရှည်ပြီး ပြန်လည် ဖြုတ်သိမ်းသည့် မိုင်အရှည်မှာ မိုင်နှစ်ဆယ်ကျော်ရှိသည်။ မီး ရထားသံလမ်း ဖောက်စဉ်က ပေါက်ခေါင်းမြို့နယ် အတွင်းရှိ လယ်မြေ ၁၃၆ ဒသမ ၃၈ ကေနှင့်ယာမြေ ၃၇ ဒသမ ၇၀ ကေ စုစုပေါင်းလယ်ယာ မြေကေ ၁၇၄ ဒသမ ၀၈ ကေ သိမ်းဆည်းခံရသည်။ လယ်သမားများက လျော် ကြေးငွေကျပ် သိန်းသုံးထောင့်နှစ် ရာကျော် (၃၂၉,၃၁၀,၀၀၀) တောင်းခံထားကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်က ပြော သည်။

"ကျွန်တော်တို့ရွာက ပေါင်း တလည်ဘူတာနဲ့ နီးပါတယ်။ ဒါ ပေမဲ့ ရထားပြေးဆွဲစဉ်ကလည်းအ သုံးပြုသူနည်းတယ်။ ပေါက် ခေါင်း-ပြည်ကားလမ်း က သွားလာရေးအဆင်ပြေတယ်။ လိုင်းကားတွေလည်း ထွက်တယ်။ ဆိုင်ကယ် တွေ မပေါများချိန်ကတောင် ရထား အသုံးပြုမှုနည်းတာ။ ဆိုင်ကယ်တွေ ပေါများ လာတော့ ပို ဆိုးတာပေါ့။ တကယ်ဆို ပေါက် ခေါင်းနဲ့ပြည် က ရထားလမ်းမလို အပ်ပါဘူး" ဟု ပေါက်ခေါင်း - ပြည်ရထားသံလမ်းဘေးနေ ဇျူး ကုန်းရွာ ဒေသခံ အမျိုးသား တစ်ဦး က ပြောသည်။

တိုင်းပြည်၏ ဘဏ္ဍာငွေ များစွာ အကုန်အကျခံတည် ဆောက်ခဲ့သည့် ပေါက်ခေါင်း - ပြည်ရထားလမ်းပိုင်းသည် ၂၀၀၉ မှ ၂၀၁၈ အထိ ကိုးနှစ်တာ ကာလ အတွင်း အောင်မြင်မှုမရှိဘဲ သဲထဲရေသွန် အရာမထင်ပြန် လည် ပျောက်ကွယ်သွားခဲ့ရ သည်။ ဒေသခံများအတွက် လမ်း ပန်းဆက်သွယ်ရေး ပိုမိုထူးခြား ကောင်းမွန်သွားမှုမရှိသည့်အပြင် ရထားသံလမ်းဇရိယာအတွက် လယ်ယာမြေ သိမ်းဆည်းခံခဲ့ရ သည့် တောင်သူလယ်သမားများ မှာမူ သံလမ်း များ ပြန်လည်ဖျက် သိမ်းပြီးသည့်တိုင် လယ်ယာမြေ လျော်ကြေးငွေ မရရှိသေး ကြောင်း ဦးသက်မင်းဇော်က ပြောသည်။

"ရထားသံလမ်းတွေမရှိတော့ သိမ်းထားတဲ့မြေပဲ ပြန်ပေး ထားမယ်လို့ သိရပြန်တယ်။ ဒါပေမဲ့လယ်ကန်သင်းတို့၊ ဇရိယာ တို့တွက်ချက်ပြုပြင်တဲ့အခါ လယ် သမားတွေအတွက် အဆင်မပြေ ဖြစ်နေတယ်။ လယ်သမားတွေ အတွက် လျော်ကြေးငွေသာ အ ဆင်ပြေတော့မှာမို့ ပြည်ထောင်စု အစိုးရအထိ တင်ပြ ပေးထားပါ တယ်" ဟု ၎င်းက ဆိုသည်။

ယခုအခါ ပြည် - ပေါက် ခေါင်း မီးရထားလမ်းတစ် လျှောက်တွင် ရှိခဲ့သည့် ခေတ္တရာ မြို့သစ်ဘူတာ၊ လမ်းဆုံဘူတာ၊ ရွှေတံခါးဘူတာ တို့မှလွဲ၍ ပေါင်း တလည်ဘူတာ၊ အင်ငါးခွဘူတာ၊ နည်းပညာတက္ကသိုလ်ဘူတာနှင့် ပေါက်ခေါင်း ဘူတာတို့သည် သံ လမ်းမဲ့ခဲ့ရချေပြီ။

"ရထားလမ်းဖောက်ခါစအ ချိန်အခါကဆိုရင် ပေါက်ခေါင်း ဘက်မှာ ရှိးမဘက် ပိုကျတဲ့သူတွေ ဆိုရင် ရထားကိုအပြင်မှာ သိပ်မ မြင်ဖူးကြဘူး။ ရထား လမ်းဖွင့် ပွဲနေ့တုန်းကတော့ အတော်များ များမြင်ဖူးသွားကြတယ်။ ဘာပဲ ဖြစ်ဖြစ်လေ၊ ရထားကို အပြင်မှာ မမြင်ဖူးတဲ့သူတွေအဖို့ ဘူတာမှာ ရထားရှိ အချိန်ကို သွားကြည့်ကြ ရင်းမြင်ဖူးသွားတာပေါ့" ဟု ပေါက်ခေါင်းဒေသခံကိုမင်း က သံလမ်းမဲ့နေသည့် ဘူတာရုံလေး ကိုကြည့်ပြီး ဟာသနှောကာပြော လေသည်။

သံလမ်းမရှိတော့သော် လည်း ဘူတာရုံလေးမှလှိုက်လှဲစွာ ကြိုဆိုနေသည် ဆိုသည့် စာတန်း ကိုအဝေးမှပင်တွေ့မြင်နိုင်သေး သည်။ သို့သော်လည်းဘူတာရုံ လေးသို့ ရထားသည် ဘယ်သော အခါမျှဆိုက်ရောက်လာတော့ မည်မဟုတ်ချေ။

Credit - ဇော်မင်းထိုက် ( 7Day )